# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 18, 2020 Volume 28, Number 11


## ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် စက်သုံးဆီဆိုင် ၂၃ ဆိုင် ထပ်မံခွင့်ပြုခဲ့ပြီး တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း ၂၇၀၄ ဆိုင်အထိရှိလာ




၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် စက်သုံးဆီဆိုင် ၂၃ ဆိုင် ထပ်မံခွင့်ပြုခဲ့ပြီး တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိက စက်သုံးဆီဆိုင်ပေါင်း ၂၇၀၄ ဆိုင်အထိရှိလာကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသော စာရင်းများအရသိရသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ ပုဂ္ဂလိကစက်သုံးဆီ ဆိုင် ၂၃၈၉ ဆိုင်ခွင့်ပြုထားရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်စာရင်းများအရ စက်သုံးဆီဆိုင်ပေါင်း ၂၆၈၁ ဆိုင်အထိခွင့်ပြုခဲ့ရာ တစ်နှစ်တွင်း စက်သုံးဆီဆိုင် ၂၉၂ ဆိုင် လိုင်စင်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အများအလိုက် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသော စက်သုံးဆီဆိုင်များမှာ ပြည်ထောင်စုနယ်မြေတွင် ၉၅ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၈၈ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၅၈ ဆိုင်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၁၃ ဆိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၇၁ ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် ၁၉၆ ဆိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၄၅ ဆိုင်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆိုင် ၃၀၊ ကချင်ပြည်နယ်တွင် ၁၂၁ ဆိုင်၊ ကယားပြည်နယ်တွင် ၁၈ ဆိုင်၊ ကရင်ပြည်နယ်တွင် ၅၃ ဆိုင်၊ ချင်းပြည်နယ်တွင် ငါးဆိုင်၊ မွန်ပြည်နယ်တွင် ၁၃၈ ဆိုင်၊ ရခိုင်ပြည်နယ်တွင် ၃၈ ဆိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၅၈ ဆိုင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၉၅ ဆိုင်၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ၁၈၂ ဆိုင်တို့ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင် ၂၇၀၄ ဆိုင်အထိရှိသည်။

**၁၈.၂.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၈၆/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၆/- ကျပ် |
| CBM Rate | = ၁၄၄၆.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၆.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၆.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၆.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၂၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၁.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၈.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၃၀၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

ဖေဖော်ဝါရီ ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀ (တစ် ဂါလန် ၃၉၀၉ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၇၀ (တစ်ဂါလန် ၃၉၅၅ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၇၇၀ (တစ်ဂါလန် ကျပ် ၃၅၀၀) အောက်တိန်း 95 Ron တစ်လီတာ ၈၈၅ ကျပ် (တစ်ဂါလန် ၄၀၂၃ ကျပ်) ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှင့်နှိုင်းယှဉ်ပါက စက်သုံးဆီ ဈေးနှုန်းများ တစ်လီတာ ၁၂၅ ကျပ်မှ ၁၃၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။ စက်သုံးဆီများအား အရည်အသွေး၊ အခြင်အတွယ်မှန်ကန်ရေး စဉ်ဆက်မပြတ်စစ်ဆေးရန် စက်သုံးဆီ စစ်ဆေးသည့် ဓာတ်ခွဲခန်းများကို မြို့ကြီးတိုင်းတွင်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကပြောကြားသည်။

ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ပြုလုပ်ခဲ့သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမသုံးလပတ်လုပ်ငန်းညှိနှိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ ကိုလည်း ယခုထက်ပို၍ ဖွင့်လှစ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားရန်၊ စက်သုံးဆီ များအား အရည်အသွေး၊ အခြင်အတွယ်မှန်ကန်ရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စက်သုံးဆီများ စစ်ဆေးသည့် ဓာတ်ခွဲခန်းများကို မြို့ကြီး တိုင်းတွင် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက် သွားရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန် ကြီး ဦးဝင်းခိုင်က ပြောကြားသည်။ လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် ပြည်ပမှ စက်သုံးဆီတင်သွင်းမှု ဒေါ်လာ သန်း ၁၈၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉ သန်းအထိ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ေရးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ ပြည်ပမှ ဒီဇယ်တင်သွင်းမှု အမေရိကန်ဒေါ်လာ ၁၁၂ သန်း ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၈ သန်းလျော့ကျခဲ့သည်။ ဓာတ်ဆီတင်သွင်းမှုသည် ဒေါ်လာ ၇၁ သန်းရှိပြီး ယခင်နှစ်ကာလ တူထက် ဒေါ်လာ ၁၁ သန်းလျော့ကျခဲ့သည်။

**Source:** https://news-eleven.com/article/159967

## အရှေ့တောင်အာရှတွင် အကြီးမားဆုံးငါးမွေးမြူရေး စီမံကိန်းတစ်ခု အကောင်အထည်ဖော်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်ဦး ဦးဆောင်၍ ပြည်ပ(၅)နိုင်ငံသို့ သွားရောက်တာဝန် ထမ်းဆောင်မည့် စီးပွားရေးသံမှူး (၅) ဦးနှင့်အဖွဲ့သည် ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထူထောင်ထားသည့် Global Earth Agro & Aqua Public Co., Ltd မှ ဦးစီးဆောင်ရွက်နေသော Ayeyarwady Integrated Food Industry Complex စီမံကိန်းသို့ မြန်မာနိုင်ငံကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် သွားရောက်လေ့လာခဲ့ကြပါသည်။

အဆိုပါစီမံကိန်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် ဝါးခယ်မ-ရွှေလောင်းလမ်းမကြီးဘေးတွင်တည်ရှိပြီး စုစုပေါင်း စီမံကိန်းမြေဧက ၃၆၀၀ ထဲမှ ပထမအဆင့် မြေဧက ၉၀၀ ပေါ်တွင် တည်ဆောက်လုပ်ကိုင်နေခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီမှ ငါးအစာထုတ်လုပ်ခြင်း၊ ငါးမွေးမြူခြင်း၊ အေးခဲခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွား မှာဖြစ်ပြီး၊ ယခုအခါ ခေတ်မီငါးအစာစက်ရုံ၊ အခြောက်ခံစက်ရုံများ၊ ခေတ်မီငါးသားပေါက် မွေးမြူရေးစခန်းများ၊ အသင့်စားသုံးရန် ထုတ်ပိုးမှု စက်ရုံများ အသားတိုးငါးမွေးကန်များ၊ ငါးပြုပြင်ထုတ်လုပ်သည့်စက်ရုံနှင့် အေးခဲသိုလှောင်ရုံများ၊ ငါးရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ငါးအစာနှင့်ကုန်ကြမ်းသိုလှောင်ရုံများ၊ ထွက်ရှိသည့်ငါးကုန်ချောများ၏ အရည်အသွေးကို စစ်ဆေးသည့် ဓာတ်ခွဲခန်းများ၊ လုပ်သားများ၊ နေထိုင်ရာအိမ်ရာများပါဝင်မည်ဖြစ်သည်။ ထို့အပြင် အခန်း (၁၀၀)ပါ ဟိုတယ်

တစ်ခုနှင့် အပန်းဖြေနိုင်ရန်နေရာတစ်ခုကိုပါ ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်မှ လိုက်လံရှင်းလင်းပြသခဲ့ပါသည်။ အစာထုတ်လုပ်ခြင်း ငါးသားဖောက်ခြင်းမှအစထွက်ရှိလာသော ကုန်ပစ္စည်းအပေါ် Zero Waste စွန့်ပစ်ပစ္စည်း မရှိသည်အထိလုပ်ငန်းစဉ်များလည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရပါသည်။

ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် စတင်မွေးမြူသည်မှ ကုန်ချောကို ထုတ်လုပ်သည်အထိ တစ်နေရာထဲတွင် စုစည်းလုပ်ဆောင်ထားသည့်စီမံကိန်းဖြစ်ကာ လက်ရှိတွင် အလုပ်အကိုင် ၂၀၀၀ ကျော် ဖန်တီးပေးနေပြီး စီမံကိန်းပြီးစီးသွားမည့် နောက်ငါးနှစ်အတွင်းအလုပ်အကိုင် ၇၀၀၀ ကျော် ဖန်တီးပေးနိုင်ကာ ထုတ်လုပ်မှု တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ရှိမည်ဖြစ်သဖြင့် အရှေ့တောင်အာရှတွင် အကြီးမားဆုံးငါးမွေးမြူရေး စီမံကိန်း တစ်ခုဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။

Source: MYANTRADE–TIR

## COVID–19 ကြောင့် တရုတ်လုပ်ငန်းရှင်များ မြန်မာတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်မှုလျော့ကျ

တရုတ်နိုင်ငံတွင် COVID–19 ရောဂါဖြစ်ပွားနေ၍ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ဆွေးနွေးမှု လျော့နည်းကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)အတွင်းရေးမှူးဦးသန့်စင်လွင်ကပြောသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးဖြစ်သော တရုတ်နိုင်ငံသည် COVID–19 ရောဂါကြောင့် မြန်မာအပါအဝင် အခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်ရန် အခက်အခဲဖြစ်လာမည်ဟု ၎င်းကဆိုသည်။ “နှစ်သစ်ကူးနောက်ပိုင်းမှာ တရုတ်စီးပွားရေးတွေ အလာများမယ်လို့ မျှော်မှန်းထားတာ။ အခုတော့ လာဆွေးနွေးတာတွေလျော့သွားတယ်” ဟု ဦးသန့်စင်လွင်က ပြောသည်။

မြန်မာနိုင်ငံတွင် ကုမ္ပဏီ ၄၃၀၊ ကန်ဒေါ်လာဘီလီယံ ၂၀ ကျော်ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံမှ ထပ်မံဝင်လာမည့် ရင်းနှီးမြှုပ်နှံမှု အခြေအနေကို လက်ရှိ၌ မှန်းဆရခက်သည်ဟု ၎င်းကပြောသည်။ တရုတ်နှင့်ထိုင်း စီးပွားရေးလုပ်ငန်းရှင်အများစု လာရောက်လေ့ရှိသော ရန်ကုန်ရင်းနှီးမြှုပ်နှံမှု ဖိုရမ်ကို ရန်ကုန်တိုင်းအစိုးရက အချိန်ရွှေ့ဆိုင်းထားကြောင်း ဦးသန့်စင်လွင်က ပြောသည်။ ရန်ကုန်စီးပွားရေးဖိုရမ်ကို ဖေဖော်ဝါ ရီ ၂၆ ရက်တွင် ပြုလုပ်ရန်လျာထားခြင်းဖြစ်သည်။ ဖိုရမ်ရက်ရွှေ့ဆိုင်းခြင်းနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးက အသေးစိတ်အကြောင်းပြချက်ဖြင့် မရှင်းပြဘဲ တိုင်းအစိုးရ ၏ ဆုံးဖြတ်ချက်ဖြစ်သည်ဟုဆိုသည်။ နှစ်ဆန်းတွင် ရန်ကုန်၊ စစ်ကိုင်းနှင့်ပဲခူးတို့၌ ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ ပြုလုပ် ရန် စီစဉ်ထားသည်။ စစ်ကိုင်းရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဆက်လက်ကျင်းပနိုင်မည်ဟုမှန်းဆပြီး ပဲခူးရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မတ်လ အတွင်း ပြုလုပ်မည်ဖြစ်သည်။

**Source:** https://7day.news/–179009

## ကျပ်ငွေတန်ဖိုးထပ်မံမြင့်တက်



ပြည်တွင်းငွေကြေးဈေးကွက်တွင် ကျပ်ငွေတန်ဖိုးဆက်တိုက် မြင့်တက်ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁,၄၄၁ ကျပ်သို့ ကျဆင်းလာသည်။ ကျပ်ငွေတန်ဖိုးသည် ၂၀၂၀ ပထမနှစ်လအတွင်း ၅ ရာခိုင်နှုန်း ခန့် တန်ဖိုးတက်လာခြင်းဖြစ်သည်။ ၂၀၁၈ က ပျမ်းမျှတစ်ဒေါ်လာလျှင် ကျပ် ၁,၅၃၀ ဝန်းကျင်ရှိခဲ့သည်။ ဒေါ်လာတန်ဖိုးကျပြီး ကျပ်ငွေ တန်ဖိုးမြင့်တက်ခြင်းက ပို့ကုန်လုပ်ငန်းရှင်များကို အခက်တွေ့စေသော်လည်း ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းသူများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

ကျပ်ငွေတန်ဖိုးမြင့်တက်ပြီး ဒေါ်လာတန်ဖိုး ကျဆင်းခြင်းက ကုန်သွယ်ရေးလိုငွေနည်းခြင်း၊ တရုတ်နှစ်သစ်ကူးပိတ်ရက်နှင့် ကူးစက်မြန်ရောဂါ ဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံမှကုန်ပစ္စည်းများအပါအဝင် နိုင်ငံခြားမှ ကုန်စည်အမှာအတွက် ငွေလွှဲပေးပို့မှု

နည်းခြင်းတို့ကြောင့်ဖြစ်သည်ဟု ၎င်းတို့ကဆိုသည်။ ပြည်တွင်းငွေဈေးကွက်တွင် ဒေါ်လာနှင့်ကျပ်ငွေလဲနှုန်းတည်ငြိမ်ရေး ဗဟိုဘဏ်က ဖေဖော်ဝါ ရီအတွင်း ဒေါ်လာ ၁၈ သန်းကို လေလံဈေးကွက်ဖြင့် ဝယ်ယူခဲ့ သည်။ ဗဟိုဘဏ်က ဈေးကွက်အတွင်း ဒေါ်လာများဝယ်ယူရခြင်းက ဒေါ်လာတန်ဖိုးကျဆင်းမှုကိုထိန်းရန်နှင့် ငွေလဲနှုန်းတည်ငြိမ်ရေးဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးကပြောကြားသည်။

**Source:** https://7day.news/-178999

## မြန်မာ့ရွှေဈေး ၁၂၂၃၀၀၀ ကျပ်ဖြစ်ပြီး ၊ ကမ္ဘာ့ရွှေဈေး ၁၅၈၇ ဒေါ်လာဖြစ်ခဲ့

ဖေဖော်ဝါရီ ၁၈ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၂၃၀၀၀ ၊ မန္တလေးဈေး ကလည်း တစ်ကျပ်သားကို ကျပ်၁၂၂၃၀၀၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၇ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၂၁၀၀၀ ဖြစ်ပါတယ်။မန္တလေးဈေး တစ်ကျပ်သားကို ကျပ်၁၂၂၀၅၀၀ ဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၁၇ ရက် တစ်အောင်စကို ၁၅၈၇ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက် တစ်အောင်စကို ၁၅၈၄ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၄ ရက် တစ်အောင်စကို ၁၅၇၅ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၃ ရက် တစ်အောင်စကို ၁၅၇၄ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၂ ရက် တစ်အောင်စကို ၁၅၆၈ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၁ရက် တစ်အောင်စကို ၁၅၆၉ဒေါ်လာ ဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-37194

## ရက် ၂၀ ကျော်ပိတ်ထားသော တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများပြန်ဖွင့်

ကိုဗစ်-၁၉ (COVID-19) ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ၂၀ ရက်ကြာပိတ်ထားခဲ့သော မြန်မာ-တရုတ်နယ်စပ် အကောက်ခွန်ရုံးများအပါအဝင် တရုတ်နိုင်ငံအတွင်းရှိ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း မူဆယ်ကုန်သည်များအသိုင်းအဝိုင်းကပြောသည်။ တရုတ်နိုင်ငံအလယ်ပိုင်း ဟူပေပြည်နယ် ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်ရောဂါပိုးပြန့်ပွားမှုထိန်းချုပ်နိုင်ရန် တရုတ်နယ်စပ်ကုန်သွယ်ရေးဇုန်အတွင်းရှိ အစိုးရရုံး များအပါအဝင် ပြည်နယ်အချင်းချင်းကြား ကူးသန်းဆက်သွယ်မှုကို ဇန်နဝါရီ ၂၇ ရက်မှစ၍ တရုတ်အစိုးရကပိတ်ခဲ့ခြင်း ဖြစ်သည်။ "တရုတ်အကောက်ခွန်ရုံးကလည်း တရားဝင် ဖွင့်သွားပြီ။ ချက်ချင်းကြီး လုပ်ငန်းတွေမလည်နိုင်သေးဘူး။ အရင်လို ပြန်ဖြစ်မယ့်လမ်းကြောင်းပေါ်တော့ရောက်လာပြီပေါ့" ဟု မူဆယ်ကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဦးစိုင်း ခင်မောင်ကပြောသည်။

တရုတ်နိုင်ငံတွင် ပြည်နယ် ၂၃ ခုရှိသည့်အနက် ဟူပေ၊ ကျဲ့ကျန်း၊ ကွမ်တုံ၊ ဟော်နန်၊ ဟူနန်၊ အန်ဟွေးနှင့် ကျန်းရှီးပြည်နယ် များကို လက်ရှိအထိ တရုတ်အစိုးရက အဝင်အထွက်ပိတ်ထားဆဲဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ တရုတ်နိုင်ငံအတွင်း ပြည်နယ်ချင်း သွားလာမှုများကိုပိတ်ထားသဖြင့် တရုတ်ဝယ်လက်လာရောက်မှုကျဆင်းသွားပြီး တရုတ်ကုန်သည် ဆယ်ဂဏန်းခန့်ကိုသာ ရောင်းချရသဖြင့် အရင်းမရသည့်အပြင် အရှုံးဖြင့်ရောင်းချနေရကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ ယခင်က ဖရဲသီး ကုန်ကားတစ်စီးပမာဏလျှင် ကျပ်သိန်း ၁၀၀ ကျော်ဖြင့် ရောင်းချနေရာမှ လက်ရှိအချိန်တွင် ကျပ် ၁၂ သိန်းကျော်ဖြင့်သာ ရောင်းချနေရပြီး သခွား တစ်တန် လျှင်ကျပ် ၁၃ သိန်းကျော်ခန့် ရောင်းချနေရာမှကျပ် ၈ သိန်းကျော်ခန့်အထိ ဈေးလျှော့ရောင်းချနေရကြောင်း ဦးနိုင်ဝင်းက ပြောသည်။

"တရုတ်ကြီးကို ဖရဲသီးအလကားပေးရုံမကဘူး၊ ကားခပါ စိုက်နေရသလိုဖြစ်နေတာ။ တောင်သူကလည်း အဆင်ပြေ မလားလို့ သွားကြည့်တယ်မပြောဘူး" ဟု လက်ရှိရောင်းချရသည့် ဈေးကွက်အခြေအနေကို ၎င်းကပြောပြသည်။ မြန်မာမှ တရုတ်ဘက်သို့ ဖရဲတန်ချိန် ၈ သိန်းကျော် တင်ပို့ရောင်းချနေပြီး သခွားမွေးတန်ချိန် တစ်သိန်းခွဲခန့် နှစ်စဉ် ရောင်းချနေရသည်ဟု ၎င်းကဆိုသည်။ တရုတ်နိုင်ငံဘက်က ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများပြန်ဖွင့်သော်လည်း တရုတ်ဝယ်လက်များ လာရောက်မှု နည်းသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် စုပြုံပြီးရောက်လာပါက သစ်သီးများဈေးကောင်းရရန် ခက်ခဲနေသေးသည်ဟု

စစ်ကိုင်းတိုင်းချောင်းဦးမြို့နယ်မှ သခွားစေ့ ၅၀ စိုက်ပျိုးထားသည့် တောင်သူတစ်ဦးကပြောသည်။ "ပို့ရမှာပေါ့ဗျာ၊ အဲ့ဒီပို့ဖို့ဘဲ စိုက်ပျိုးထားကြတာဆိုတော့။ အသီးကရင့်မှည့်ရင်တော့ ခူးပြီးပို့နေရတာပေါ့၊ ရပ်ဆိုင်းထားလို့ရတဲ့ လုပ်ငန်းမှမဟုတ်တာ။ သူတို့က မဝယ်လို့သာ ကျွန်တော်တို့ကမရောင်းရတာ"ဟု ၎င်းက ပြောသည်။

ယခုလို တရုတ်ဘက်က ကုန်သွယ်ရေးလုပ်ငန်းများ ပြန်ဖွင့်သဖြင့် ကျွဲ၊ နွားများကို ယခင်လို ပြန်လည်ပို့ဆောင်သွားမည်ဟု စစ်ကိုင်းတိုင်း ကျွဲ၊ နွားမွေးမြူတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးသောင်းခိုင်ကပြောသည်။ ကိုဗစ်အကျိုးဆက်ကြောင့် မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေးမှရငွေ အမေရိကန်ဒေါ်လာ ၁၆ သန်း (ကျပ် ၂၄ ဘီလီယံ) ခန့် နေ့စဉ်ရှုံးနေခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Myanmar Now ကို ယခုလဆန်းပိုင်းတွင်ဖြေကြားထားသည်။

**Source:** https://www.kumudranews.com/news-37193

## သဘာဝဓာတ်ငွေ့သိုက်အသစ်တခု ရခိုင်ကမ်းလွန်မှာတွေ့ရှိ

ရခိုင်ကမ်းလွန်ရေနံလုပ်ကွက် A-3 မှာ မဟာ (၁) အစမ်းတွင်းမှာ သဘာဝဓာတ်ငွေ့အစမ်းတွင်း အောင်မြင်ကြောင်း တောင်ကိုရီးယားလုပ်ငန်းကြီး Posco International က တနလာနေ့မှာကြေညာပါတယ်။ မဟာ ၁ အစမ်းတွင်းမှာ တရက်ကို ဓာတ်ငွေ့ကုဗပေ ၃၈ သန်းကျော်ထိ ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းတဲ့အကြောင်းလည်း ကုမ္ပဏီရဲ့ကြေညာချက်ကို ကိုးကားပြီး Korea Joongang Daily က ဖော်ပြပါတယ်။ အခုအသစ်တွေ့တဲ့ မဟာ-၁ သဘာဂဓာတ်ငွေ့အစမ်းတွင်းက Posco International လုပ်ကိုင်နေတဲ့ ရွှေသဘာဂဓာတ်ငွေ့စီမံကိန်းနဲ့ ကီလိုမီတာ ၃၀ လောက်ဘဲကွာဝေးတာပါ။ အခုအသစ်တွေ့တဲ့ မဟာ - ၁ ကို တော့ လာမယ့် ၂၀၂၁ ခုနှစ်မှာ စတင်စမ်းသပ်တူးဖော်နိုင်ဖို့ Posco လုပ်ငန်းကြီးက ရည်မှန်းထားပြီး အနာဂတ် တူးဖော်ရေးနဲ့ ဓာတ်ငွေ့ ထုတ်ယူရေး အတွက် ၂ နှစ်ကြာ အချိန်ယူသုံးသပ်မှာဖြစ်ပါတယ်။

ဓာတ်ငွေ့ရဲ့ သန့်စင်မှု၊ ထုတ်ယူရမယ့် အခြေအနေတွေကို မသိရသေးတာကြောင့် ဒီအသစ်တွေ့တဲ့ သဘာဝဓာတ်ငွေ့တွင်း မဟာ-၁ ရဲ့ တန်ဖိုးကိုတွက်ချက်ဖို့တော့ မလွယ်သေးဘူးလို့လည်း ကုမ္ပဏီတာဝန်ရှိသူကို ကိုးကားပြီး သတင်းမှာ ဖော်ပြပါတယ်။ အခု ရခိုင်ကမ်းလွန် ရေနံလုပ်ကွက် A-3 မှာ နောက်ထပ် အစမ်းတွင်းတွေလည်း ရှိနေပါတယ်။ ကစ္ဆပနဒီ (၁)၊ ရန်အောင်မြင် (၁) တို့ကို ဆက်လက် ရှာဖွေသွားမှာပါ။ ဒီထဲက ရန်အောင်မြင် (၁) အစမ်းတွင်းကိုတော့ ဒီလထဲမှာဘဲ ဆက်လက်တူးဖော်မှာဖြစ်ပြီး ဒီအစမ်းတွင်းမှာလည်း သဘာဂဓာတ်ငွေ့ဖော်ထုတ်နိုင်ဖို့ Posco က မျှော်လင့်ထားပါတယ်။ ကမ်းလွန်လုပ်ကွက် A-1 နဲ့ A-3 မှာ မြန်မာ့ရေနံနဲ့ သဘာဂဓာတ်ငွေ့လုပ်ငန်းက ၁၅ ရာခိုင်နှုန်းရယူပြီး Posco အပါအဝင် နိုင်ငံတကာလုပ်ငန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ကို မြန်မာ့သစ်သီးတင်ပို့မှု အထိနာ

တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် အကြီးအကျယ် အထိနာရတဲ့ မြန်မာ့သစ်သီးတင်ပို့မှုက အခု ဖေဖော်ဝါရီ နှောင်းပိုင်းလောက်မှာ အနည်းငယ် ပြန်တက်လာနိုင်ခြေ ရှိတယ်လို့ မူဆယ်နယ်စပ်ကုန်သွယ်ရေးအသိုင်းအဝိုင်းက မျှော်လင့်နေကြပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံတွင်းမှာရော တရုတ်နိုင်ငံပြင်ပ ခရီးသွားလာခွင့်တွေကိုပါ တရုတ်ဘက်က ကန့်သတ်ထိန်းချုပ်လိုက်တာကြောင့် မြန်မာ့သစ်သီး တင်ပို့ရောင်းချမှု ပမာဏက ၉၀ ရာခိုင်နှုန်း ကျဆင်းနေပြီး ဈေးနှုန်းပိုင်းမှာလည်း ထက်ဝက်နီးပါးကျသွားပါတယ်။ ဖရဲသီး ရောင်းချရမှုကတော့ လုံးဝနီးပါး ရပ်သွားတာပါ။ တရုတ်ကိုသစ်သီးတင်ပို့မှု ပုံမှန်ပြန်ဖြစ်လာမယ့် အလားအလာတွေကို မသိင်္ဂီထိုက်စုစည်းတင်ပြထားပါတယ်။

တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် လတ်တလောသိသိသာသာ အထိနာနေရတာကတော့ တရုတ်ဈေးကွက်ကို ရည်ရွယ်စိုက်ပျိုးထုတ်လုပ်နေတဲ့ ဖရဲသီးနဲ့သခွားမွှေး စိုက်ပျိုးထုတ်လုပ်မှုဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်ဘက်က အခု ဖေဖော်ဝါရီလနှောင်းပိုင်းမှာ ခရီးသွားလာခွင့်အပါအဝင် အစိုးရလုပ်ငန်းတွေ ပြန်လည်လည်ပတ်ဖို့ရှိနေတာကြောင့် မြန်မာဘက်က သစ်သီးအဝယ် အနည်းငယ်ပြန်တက်လာနိုင်မလားဆိုပြီး နယ်စပ်ကုန်သည်ကြီးတွေ မျှော်လင့်နေကြပါတယ်။ တရုတ်ဘက်က ဈေးကွက်အခြေအနေကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်က ခွာညိုသစ်သီးပွဲရုံလုပ်ငန်းရှင် စိုင်းခင်မောင်က

အခုလိုပြောပါတယ်။

"ရှေ့အလားအလာကို ပြောရမယ်ဆိုရင်တော့ တရုတ်ဘက်က သူ့ရောဂါထိန်းချုပ်နိုင်မှု အခြေအနေပေါ်မှာ အများကြီး မူတည်တယ်။ ဖေဖော်ဝါရီ ၁၈ ကနေ ၂၃ ရက်အတွင်းမှာ ထိန်းချုပ်နိုင်ဖို့ သူ့ဘက်ကလည်းမျှော်လင့်တယ်။ ထိန်းချုပ်နိုင်သည် ဖြစ်စေ၊ မထိန်းချုပ်နိုင်သည်ဖြစ်စေ အစိုးရယန္တရားတွေ တော်တော်များများလည်း အဲဒီရက်ပိုင်းမှာပြန်ပြီး လည်ပတ်လိမ့်မယ်။ အဓိက သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပြီးတော့အုပ်ချုပ်ရေးအပိုင်းတွေ၊ နောက်အကောက်ခွန် စစ်ဆေးမှုအပိုင်းတွေကို စတင်လည်ပတ်နေပြီ၊ တချို့က လည်ပတ်ဖို့တာဆူနေပြီ။ ဒါပေမယ့် အရေးကြီးဆုံးက ခရီးသွားလာရေး ကဏ္ဍနဲ့သက်ဆိုင်တဲ့ ဟိုတယ်တို့၊ Restaurant တို့ အဲဒီအပိုင်းတွေမှာ ပုံမှန်အခြေအနေဖြစ်မှ သစ်သီးစားသုံးမှုကလည်း တဖြည်းဖြည်းတက်လာမယ်။" စိုင်းခင်မောင်ကို တနင်္ဂနွေနေ့မနက်ခင်းမှာ ဗွီအိုအေက Skype ကနေ ဆက်သွယ်မေးမြန်းခဲ့ တာမှာတော့ လက်ရှိနယ်စပ်ဈေးကွက်မှာ ဖရဲသီးတင်ပို့ရောင်းချနိုင်မှုကတော့ လုံးဝနီးပါးရပ်ဆိုင်းနေပြီလို့ပြောပါတယ်။ "အခုအချိန်မှာ ကုန်သွယ်မှု ဖရဲသီးပို့ကုန်၊ သခွားမွှေးပို့ကုန် ဒီအချိန်ကလှိုင်လှိုင်ပေါ်တဲ့အချိန်။ Amount အများဆုံးတင်ပို့နေတဲ့ အချိန်ပေ့ါလေ။ တနေ့ကို အနည်းဆုံးအစီး ၃၀၀၊ ၄၀၀ လောက် ပို့နေရတဲ့အခြေအနေမှာ အခုအစီးရေဆယ်ဂဏန်းပဲပို့တယ်။" ဇန်နဝါရီလနှောင်းပိုင်းကနေ အခု ဖေဖော်ဝါရီလလယ်ပိုင်းအထိ ရက် ၂၀ ကာလအတွင်း တရုတ်ဘက်က ဖရဲသီးနဲ့သခွားသီး အဝယ်ကျသွားပြီးနောက်ဆုံးရှုံးမှုက အနည်းဆုံးအမေရိကန်ဒေါ်လာ သန်း ၅၀ လောက်ရှိမယ်လို့ ကုန်သည်တွေက ခန့်မှန်း ထားကြပြီး ဒီထက်ဆိုးတဲ့အခြေအနေကတော့ လက်ရှိရင့်မှည့်ဖို့ရှိနေတဲ့ ဖရဲနဲ့သခွားတွေအတွက် ဈေးကွက်မရေရာတဲ့ အနေအထားဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင်း စိုက်ပျိုးထုတ်လုပ်တဲ့ သီးနှံတွေထဲက ၈ မျိုးလောက်ကိုပဲ တရုတ်က တရားဝင်တင်သွင်းခွင့်ပြုထားပြီး အဓိကတော့ ဖရဲသီးနဲ့သခွားမွှေးကိုတင်ပို့နေတာပါ။ တရုတ်ဈေးကွက်ကို အဓိကအားထားပြီး ပြည်တွင်းမှာစိုက်ပျိုးထုတ်လုပ် နေတဲ့ ဖရဲသီးအခင်းတွေက လက်ရှိမှာရင့်မှည့်နေပြီး အခင်းတွေကတော့ အသီးအနှံတွေပျက်စီးကုန်ပါတယ်။ အခုအချိန်မှာ စပြီး ရင့်မှည့်စပြုနေတဲ့အခင်းတွေကတော့ တရုတ်ဈေးကွက် ပြန်ပွင့်လာမလားဆိုတဲ့အပေါ်မှာမျှော်လင့်နေကြရပါတယ်။ ဖရဲသီးနဲ့ သခွားမွှေးစိုက်ပျိုးထုတ်လုပ်မှုက ပြည်တွင်းဈေးကွက် ဝယ်လိုအားထက် အဆပေါင်းများစွာ ပိုလျှံနေတာဖြစ်ပါတယ်။ တချိန်တည်းမှာပဲ မြန်မာ့ဖရဲ၊ သခွားမွှေးပွဲတော် ၂၀၂၀ အဖြစ် ရန်ကုန်မြို့က မြေပဒေသာကျွန်းမှာ ဖော်ဖော်ဝါရီလ ၂၉ ရက်နေ့ ကနေ မတ်လ ၄ ရက်နေ့အထိ ကျင်းပဖို့လည်း ပြင်ဆင်နေကြပါတယ်။

**Source:** https://burmese.voanews.com/a/myanmar-fruits-c.../5291199.html

## ကမ္ဘောဒီးယားပို့ကုန်များအပေါ် ပေးထားသည့် အထူးအခွင့်အရေးအချို့ အီးယူဆိုင်းငံ့




ကမ္ဘောဒီးယားအစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဥရောပသမဂ္ဂအီးယူက ကမ္ဘောဒီးယားကိုပေးထားသည့် ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးအချို့ကို ဆိုင်းငံ့လိုက် ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။ အီးယူက ကမ္ဘောဒီးယားနိုင်ငံမှ သွင်းကုန်များအပေါ် သွင်းကုန်အခွန် ကင်းလွတ်ခွင့် ပေးထားသည့် အထူးအရေးများထဲမှ ၂၀ ရာခိုင်နှုန်းခန့်ကို ဆိုင်းငံ့လိုက်ခြင်းကြောင့် ကမ္ဘောဒီးယားအနေနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့် ဆုံးရှုံးနစ်နာနိုင်သည်။ ကမ္ဘောဒီးယားနိုင်ငံထုတ် အချို့သော အဝတ်အထည်၊ ဖိနပ်၊ ခရီးသွားလာရာတွင်သုံးသည့် ကုန်ပစ္စည်းများနှင့် သကြားတို့အပေါ် အီးယူဥရောပသမဂ္ဂက အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းကို ဆိုင်းငံ့လိုက်ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂအီးယူက အဝတ်အထည်များအပေါ်ကောက်ခံသည့် သွင်းကုန်ခွန်မှာ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ သို့သော် ကမ္ဘောဒီးယားထုတ် အဆင့်မြင့်အချောထည် အဝတ်အထည်များနှင့် အချို့သောခြေစီးဖိနပ်များအပေါ် ပေးထားသည့်

အခွန်ကင်းလွတ်ခွင့်ကိုမူ ဆက်လက်ပေးမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားသည်။ ဥရောပသမဂ္ဂအီးယူ၏ ယင်းဆုံးဖြတ်ချက်သည် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက ဩဂုတ်လ ၁၂ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားအစိုးရသည် အတိုက်အခံများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများကို လွှန်ခဲ့သည့်သုံးနှစ် အတွင်း ဖြိုခွင်းခဲ့ခြင်းကြောင်း ဥရောပသမဂ္ဂ အမှုဆောင်များကပြောကြားသည်။

ဥရောပမသဂ္ဂအီးယူက ဖွံ့ဖြိုးဆဲနိုင်ငံ ၄၈ နိုင်ငံအပေါ် လက်နက်မှလွဲ၍ ကုန်ပစ္စည်းအားလုံးနှင့်ဆိုင်သည့် အထူးအခွင့်အရေး (Everything But Arms) EBA Scheme အစီအစဉ်အရ ကမ္ဘောဒီးယားပို့ကုန်များမှာ အထူးအခွင့်အရေး ရနေခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားသည် အီးယူ၏ EBA အစီအစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံပြီးလျှင် ဒုတိယ အများဆုံး အခွင့်အရေးရနေသည့်နိုင်ငံဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားက အီးယူသို့တင်ပို့သည့် ကုန်စည် ပမာဏမှာ ယူရိုငွေ ၅ ဒသမ ၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံ) ဖိုးရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**Source:** https://voicejournalmm.com/archives/24020?fbclid=IwAR0fzBfOrLV2WTau1-L3tPQzvOIGDpq7duy BD6xCBdi7RYXwlQytbJ62vkw

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ခရီးသည်အဝင်နည်းမှု အရှေ့တောင်အာရှနိုင်ငံများ သိသိသာသာစီးပွားရေးထိခိုက်

တရုတ်နိုင်ငံ ဟူပေးပြည်နယ် ဝူဟန်မြို့ကစတင်ခဲ့သော ကိုရိုနာဗိုင်းရပ်စ်ကြောင့် အရှေ့တောင်အာရှနိုင်ငံများ ဒေါ်လာ ဘီလျံနှင့်ချီပြီး ခရီးသွားလုပ်ငန်း ဝင်ငွေထိခိုက်ကျဆင်းရလျက်ရှိကြောင်းသိရသည်။ ဗိုင်းရပ်စ်ကြောင့် တရုတ်ခရီးသွားများ ပြည်တွင်းရော ပြည်ပတွင်ပါ ခရီးသွားလာခွင့်များ ကန့်သတ်ခံနေရခြင်းကြောင့် လာအိုမြောက်ပိုင်း လျှန်ပရာဘန်မှသည် ထိုင်းနိုင်ငံ ပတ္တယားကမ်းခြေ၊ ဗီယက်နမ် ဟွိုင်အန်မှသည် ကမ္ဘောဒီးယား လောင်းကစားမြို့ ဆီဟာနိုဗီအထိ တရုတ်ခရီးသည် အဝင်နည်းလျက်ရှိနေသည်။ ယူနန်လမ်းကြောင်းပိတ်လိုက်ကတည်းက တရုတ်ခရီးသည်မဝင်သည်မှာ ၁၀ ရက်ခန့်ရှိပြီ ဖြစ်ကြောင်း ရှေးဘုရားကျောင်းများဖြင့် ခရီးသည်ဆွဲဆောင်မှုကောင်းသော လျှန် ပရာဘန်မြို့မှ ဈေးသည်တစ်ဦးကပြောသည်။ ယခင်နှင့်ယှဉ်လျှင် အရောင်း ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းဝန်းကျင်ကျသွားကြောင်း သစ်သီးဖျော်ရည်သည်တစ်ဦးကလည်း ပြောသည်။

ကမ္ဘောဒီးယားတွင်လည်း တရုတ်ခရီးသည် အဝင်နည်းမှုကြောင့် အန်ကောဝပ် ဘုရားကျောင်း ဝင်ခွင့်လက်မှတ်အရောင်း ၃၀ မှ ၄၀ ရာခိုင်နှုန်းကြား လျော့နည်းခဲ့သည်။ နိုင်ငံတောင်ပိုင်း ကမ်းခြေအပန်းဖြေစခန်းနှင့် တွဲထားသည့် လောင်းကစားမြို့ ဆီဟာနိုဗီတွင်လည်း ခရီးသည်ဝင်ရောက်မှု နည်းပါးမှုကြောင့် လုပ်ငန်းများ အေးစက်လျက်ရှိသည်။ "အရင်က တစ်ရက်ကို ဒေါ်လာတစ်ရာလောက် ရတယ်။ အခုတော့ ၁၀ ဒေါ်လာလောက်ပဲ ရတော့တယ်" ဟု တက္ကစီ ယာဉ်မောင်းတစ်ဦးက ပြောသည်။ ထိုင်းတွင်လည်း ယခင်ကတစ်လလျှင် တရုတ်ခရီးသည် တစ်သန်းနီးပါးဝင်ရောက်နေရာမှ ဗိုင်းရပ်စ်ကြောင့် အဝင် ၉၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ထိုင်းခရီးသွားအာဏာပိုင်များကပြောသည်။ ထိုင်းမြို့တော် ဘန်ကောက်မှမလှမ်းမကမ်း ပတ္တယားရှိ ချန်ဆမ်ဆင်စခန်းပိုင်ရှင် နန်တာကွန် ဖတ်နမ်ရော့ဘက်ကလည်း ဗိုင်းရပ်စ်ပြဿနာနောက်ပိုင်း ဆင်စခန်းသည် ဒေါ်လာ ခြောက်သောင်းခွဲနီးပါး အရှုံးပေါ်ခဲ့ရပြီး ဘဏ်မှငွေချေးရမည့်အနေအထားဖြစ်နေကြောင်းဆိုသည်။ ယခုနှစ်အတွင်း ထိုင်းသို့ ခရီးသည်ဝင်ရောက်မှု ငါးသန်းခန့်ကျဆင်းနိုင်ပြီး ငွေကြေးအားဖြင့် ဒေါ်လာ ၈ ဘီလျံခန့်နစ်နာရနိုင်ကြောင်း ထိုင်းဘဏ် စီးပွားရေးမူဝါဒအကြီးအကဲ ဒွန်နာခွန်သပ်ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/135394.html

## Hana Bank က မြန်မာနိုင်ငံ၏ ပြည်တွင်းဘဏ်တစ်ခုထံမှ အစုရှယ်ယာဝယ်ယူရန်စီစဉ်လျက်ရှိသည့်သတင်းနှင့် တောင်ကိုရီးယားထိပ်တန်းဘဏ်များမှ မြန်မာနိုင်ငံတွင်ဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိရေးအတွက် အပြိုင်အဆိုင် ကြိုးစားလျှောက်ထားနေမှုသတင်းတင်ပြခြင်း

ကိုရီးယားသမ္မတနိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခုဖြစ်သော Hana Bank သည် မြန်မာနိုင်ငံရှိ ပြည်တွင်းဘဏ်တစ်ခုမှ အစု

ရှယ်ယာများကိုဝယ်ယူရန် စဉ်းစားလျက်ရှိကြောင်း၊ ယခုအချိန်သည် တောင်ကိုရီးယားဘဏ်များက မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံတွင် အပြိုင်အဆိုင်ကြိုးစားလျှောက်ထားနေကြသည့်ကာလဖြစ်ပြီး Hana Bank အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းထိပ်တန်းဘဏ်တစ်ခုမှ အစုရှယ်ယာကိုပါ ဝယ်ယူရန်စီစဉ်လျက်ရှိကြောင်း Hana Bank ၏ မိခင်ကုမ္ပဏီဖြစ်သော Hana Financial Group မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၄-၂-၂၀၂၀ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ မည်သည့်ဘဏ်ထံမှ အစုရှယ်ယာဝယ်ယူမည် စသည့်အချက်အလက် အသေးစိတ်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံခြားဘဏ်များအား ပြည်တွင်းတွင်ဘဏ်ခွဲဖွင့်လှစ်ခွင့်ကို အကန့်အသတ်ဖြင့် မကြာသေးမီက စတင် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အရှေ့တောင်အာရှဒေသတွင်တည်ရှိသော မြန်မာနိုင်ငံ၌ အထင်ကရပုဂ္ဂလိကဘဏ်များမှာ ကမ္ဘောဇ ဘဏ်၊ ရေဝတီဘဏ်၊ CB ဘဏ်နှင့် Apex ဘဏ်တို့ဖြစ်ကြကြောင်း၊ Hana Bank သည် ငွေလွှဲပေးပို့ခြင်းနှင့် ကုန်သွယ်မှု ဆိုင်ရာငွေကြေးကိစ္စရပ်များအတွက် မြန်မာနိုင်ငံတွင်အကြီးဆုံး ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော ကမ္ဘောဇဘဏ်နှင့် ၂၀၁၆ ခုနှစ်ကတည်းကပင်ပူးပေါင်း၍ လက်တွဲဆောင်ရွက်လျက်ရှိပြီး၊ ရေဝတီဘဏ်နှင့်လည်း အရောင်းနှင့်ပူးတွဲရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကဏ္ဍများအတွက် ၂၀၁၂ ခုနှစ်ကတည်းကပင် သဘောတူစာချုပ်လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ Hana Bank သည်ယခုနှစ်တွင် ပြည်တွင်းဘဏ်တစ်ခုထံမှ အစုရှယ်ယာဝယ်ယူရန်စီစဉ်နေမှုအပြင် ဘဏ်ခွဲဖွင့်လှစ်ခွင့်ရရှိရေးအတွက်လည်း ဝင်ရောက်လျှောက်ထားယှဉ်ပြိုင်လျက်ရှိပါကြောင်းသိရှိရပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ဩစတြေးလျ၊ ထိုင်း၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနှင့်တောင်ကိုရီးယားနိုင်ငံတို့မှ လာရောက်ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်ခွဲများအနေဖြင့် ၁၃ ခုရှိ ပြီး၊ Shinhan Bank သည် မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားဘဏ်ခွဲ ဖွင့်လှစ်ခွင့်ရရှိခဲ့ သည့်တစ်ခုတည်းသော တောင်ကိုရီးယားဘဏ်ဖြစ်ပါကြောင်း၊ ယခု ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ နိုင်ငံ၏ သက်ဆိုင်ရာဘဏ္ဍာရေးအာဏာပိုင်များမှအချို့သောကိုရီးယားဘဏ်များကို မြန်မာနိုင်ငံတွင်ဘဏ်ခွဲဖွင့်လှစ်ခွင့် ထပ်မံ ခွင့်ပြုလိမ့်မည်ဖြစ်ပါကြောင်း၊ ခွင့်ပြုပေးမည့် လိုင်စင်အမျိုးအစားများတွင် Subsidiary နှင့် Branch ဟူ၍ ၂ မျိုးရှိရာ၊ Hana Bank နှင့်အတူ တောင်ကိုရီးယား၏ အခြားသောထိပ်တန်းဘဏ်ပြိုင်ဖက်များဖြစ်ကြသည့် Industrial Bank of Korea (IBK)နှင့် KB Kookmin Bank တို့သည် မြန်မာနိုင်ငံတွင် Subsidiary Status ဖြင့် လက်အောက်ခံသီးသန့်ကုမ္ပဏီအဖြစ် ဖွင့်လှစ်ခွင့်အား ရရှိရန်လျှောက်ထားပြီး၊ Korea Development Bank (KDB) ကမူ ဘဏ်ခွဲ (Branch) ဖွင့်လှစ်ခွင့်ကို လျှောက်ထားကြောင်း ဖော်ပြပါရှိပါသည်။

Branch အဖြစ်ဖွင့်လှစ်ခြင်းသည် နိုင်ငံခြားတွင်ရှိသော ဘဏ်တစ်ခုက မြန်မာနိုင်ငံ၌ ဘဏ်ခွဲတစ်ခုအနေဖြင့်သာ လာရောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး Subsidiary အနေဖြင့်ဖွင့်လှစ်ခြင်းသည် မြန်မာနိုင်ငံ၏ဥပဒေအရဖွဲ့စည်းတည်ထောင်ရမည့် ဘဏ်ခွဲအဖြစ် ရှိမည်ဖြစ်ပါသည်။ Subsidiary နှင့် Branch တို့သည် အနည်းဆုံးမတည်ငွေ၊ ဗဟိုဘဏ်တွင်အပ်နှံထားရမည့်ပမာဏ၊ ဘဏ္ဍာရေး ဝန်ဆောင်မှုပေးအပ်နိုင်သည့်နယ်ပယ်နှင့် ဘဏ်ခွဲအရေအတွက်ဖွင့်လှစ်နိုင်မှုတို့တွင် ကွာခြားမှုရှိမည်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ကိုရီးယား**

## ကိုရိုနာကူးစက်ရောဂါဖြစ်ပွားရာဒေသများသို့ WHOနှင့် တရုတ်ကျွမ်းကျင်သူများပူးတွဲအဖွဲ့ စစ်ဆေးရေးခရီးစတင်

တရုတ်နိုင်ငံနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့မှ ကျွမ်းကျင်သူများပါဝင်သောပူးတွဲအဖွဲ့သည် ဖေဖော်ဝါရီလ (၁၇) ရက်နေ့မှစ၍ ကိုရိုနာကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွားမှု၏ ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးတို့အပေါ် လက်တွေ့ကွင်းဆင်း စစ်ဆေးမှုများ စတင်ဆောင်ရွက်လျက်ရှိသည်။ ယင်းပူးတွဲအဖွဲ့သည် ပေကျင်း၊ ကွမ်တုန်းပြည်နယ်နှင့် စီချွမ်းပြည်နယ်များသို့ သွားရောက်၍ စစ်ဆေးမှုများဆောင်ရွက်ရန်စီစဉ်ထားကြောင်း ဖေဖော်ဝါရီလ (၁၆)ရက်နေ့တွင် ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ ပြီးနောက်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အမျိုးသားကျန်းမာရေးကော်မရှင်မှ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် Mi Fengက ပြောကြား ခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲသို့ ပူးတွဲကျွမ်းကျင်သူအဖွဲ့ဝင်များနှင့် နိုင်ငံတော်ကောင်စီ၏ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးပူးတွဲအဖွဲ့မှ ကိုယ်စားလှယ်များအပါအဝင် လူ(၈၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲ၌ အမျိုးသားကျန်းမာရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး Li Binက တစ်နိုင်ငံလုံးအတိုင်း အတာဖြင့်

ဆောင်ရွက်လျက်ရှိသည့် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစီမံဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခဲ့ပြီး၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုကို ရည်ညွှန်းလျက် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်သွားရန် သစ္စာဆိုခဲ့ပါသည်။ ထို့ပြင် ကျွမ်းကျင်သူအဖွဲ့ထံမှ အကြံဉာဏ်များပြုရေးအတွက်လည်း ကြိုဆိုခဲ့ပါသည်။ နိုင်ငံတော်ကောင်စီအဖွဲ့ဝင် ဝန်ကြီးဌာနများနှင့် စီမံခန့်ခွဲရေးဌာနများမှ ကိုယ်စားလှယ်များကလည်း ၎င်းတို့၏ စီမံဆောင်ရွက်မှုများနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို မိတ်ဆက်ခဲ့ကြပါသည်။

ဆွေးနွေးပွဲအတွင်း ရောဂါအဓိကဖြစ်ပွားရာဟူပေပြည်နယ်နှင့် ဗီဒီယိုဖြင့် ဆက်သွယ်လျက် ဖြစ်ပွားနေမှုအခြေအနေ၊ ကျေးလက်ဒေသများနှင့် ရပ်ကွက်များအတွင်း၌ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစီမံဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ ပူးတွဲကျွမ်းကျင်သူအဖွဲ့သည် တရုတ်နိုင်ငံ၏ ကာကွယ်ရေးနှင့်ကုသရေး စီမံဆောင်ရွက်မှုများနှင့် တရုတ်ဆေးပညာဆိုင်ရာဝန်ထမ်းများနှင့် လုပ်သားများ၏ စွန့်လွှတ်ပေးဆပ်မှုများကို အသိအမှတ်ပြုခဲ့ကြပါသည်။ ၎င်းအဖွဲ့၏ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင်စတင်ခဲ့သော ဘေကျင်းမြို့ခရီးစဉ်အတွင်း ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအတွက် တရုတ်စင်တာ၊ ဘေကျင်း Ditan ဆေးရုံနှင့် Chaoyang အရပ်ဒေသရှိ Anhualiရပ်ကွက်တို့သို့ သွားရောက်ခဲ့ကြကာ သက်ဆိုင်ရာအရာရှိများနှင့် ကျွမ်းကျင်သူများဖြင့် နည်းပညာဆိုင်ရာဖလှယ်မှုများ ဆောင်ရွက်ခဲ့ကြပါသည်။ ၎င်းအဖွဲ့သည် ကွမ်တုန်းနှင့် စီချွမ်းပြည်နယ်များသို့ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် ဆက်လက်ထွက်ခွာသွားကြသည်ဟု သတင်းရရှိပါသည်။

**Source: ဆင်ဟွာသတင်းဌာန (၁၈.၂.၂၀၂၀)**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်း**

## ကိုရိုနာကူးစက်ရောဂါဖြစ်ပွားသူများကို ပိုမိုကယ်တင်နိုင်ရေးအတွက် ရောဂါပျောက်ကင်းသွားသူများ၏ သွေးရည်ကြည်လှူဒါန်းပေးလျက်ရှိ

ဝူဟန်မြို့ရှိ ကိုရိုနာရောဂါပိုးကူးစက်ခံရမှုမှ ပျောက်ကင်းသက်သာသွားသူ (၁၂)ဦးတို့က ၎င်းတို့၏သွေးရည်ကြည်များအား ရောဂါအပြင်းအထန်ခံစားနေရသူများထံသို့ လှူဒါန်းခဲ့ကြသည်ဟုသိရပါသည်။ ၎င်းလှူဒါန်းသူများမှာ Jiangxia စီရင်စုရှိ နံပတ်တစ် ပြည်သူ့ဆေးရုံနှင့်တရုတ်တိုင်းရင်းဆေးရုံတို့မှ ဆရာဝန်များနှင့်သူနာပြုများဖြစ်ကြပြီး၊ ရောဂါဖြစ်ပွားခြင်းမှ ပြန်လည်နာလန်ထူလာပြီး (၁၀)ရက်နောက်ပိုင်းတွင် လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ သွေးရည်ကြည်ထုတ်ယူခြင်းကို လူနာအား(၁၀)ရက်ကြာကုသပြီးမှ ထုတ်ယူသည့်အတွက် အလှူရှင်တွင် ထိခိုက်မှုမရှိကြောင်း၊ ထိုကဲ့သို့ကုသမှုမှ တိုးတက်ကောင်းမွန်သည့်ရလဒ်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ကိုရိုနာရောဂါကူးစက်ခံရမှုမှ သက်သာပျောက်ကင်းသွားသူများအနေဖြင့် မိမိတို့၏ သွေးရည်ကြည်များကိုလှူဒါန်းပေးကြရန် တိုက်တွန်းလိုကြောင်း ကျွမ်းကျင်သူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ရှန်ဟိုင်းမြို့တွင် ဖေဖော်ဝါရီလ (၁၅)ရက်နေ့ နေ့လည်ပိုင်း၌ ကိုရိုနာရောဂါဖြစ်ပွားသူ လူနာ (၁၂၄)ဦးမှာ ပြန်လည်ကောင်းမွန်လာ၍ ဆေးရုံမှဆင်းသွားကြပြီဖြစ်ကြောင်း၊ ၎င်းတို့အနက် (၁၄)ဦးက ကိုရိုနာကူးစက်ရောဂါသုတေသနနှင့် ကုသရေးအတွက် သွေးရည်ကြည်များကိုလှူဒါန်းခဲ့ကြကြောင်း၊ အချို့နာလန်ထကာစ လူနာများမှာလည်း ပါဝင်လှူဒါန်းလိုသည့် ဆန္ဒရှိနေကြောင်းသိရပါသည်။

**Source: ဆင်ဟွာသတင်းဌာန (၁၆.၂.၂၀၂၀)**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်း**

## ကပ်ရောဂါတိုက်ဖျက်ရာတွင် AI နည်းပညာက ဘက်စုံအသုံးဝင်လျက်ရှိ

AI ဟု အတိုကောက်ခေါ်ကြသည့် Artificial intelligence (ဉာဏ်တု)နည်းပညာမှာ ကိုရိုနာကူးစက်ကပ်ရောဂါဆိုးကို တိုက်ဖျက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိပါသည်။ အထူးသဖြင့် ခရီးသွားလာမှုများပြီး လူနေထူထပ်သည့် မြို့ကြီးများတွင် AI ကိုယ်ပူချိန်စစ်ဆေးသည့်စနစ်များမှာ လူအချင်းချင်းထိတွေ့စစ်ဆေးမှုမပြုလုပ်ရဘဲ (၃)မီတာအကွာအဝေးမှ အလိုအလျောက်စစ်ဆေးခြင်းဖြစ်ကာ၊ အပူချိန်အတိုးအလျော့ (၀.၃) ဒီကရီစဲစီးယက်စ်အတွင်း တိကျလှသဖြင့် များစွာ

အသုံးဝင်လှပါသည်။ ၎င်းစနစ်သည် တစ်စက္ကန့်လျှင် လူ(၁၅)ဦးကို တစ်ပြိုက်နက်တည်းစစ်ဆေးနိုင်ပြီး၊ ဦးထုပ်ဆောင်းထားလျှင် သို့မဟုတ် နှာခေါင်းစည်းတပ်ထားလျှင်သော်မှ စစ်ဆေးပေးနိုင်သည်ကို တွေ့ရပါသည်။ ၎င်း စနစ်ကို ဘေကျင်းမြို့၏ Haidian ရှိ မြေအောက်ရထားဘူတာအချို့နှင့် အစိုးရဌာနခန်းမများတွင် စမ်းသပ်တပ်ဆင်ထားပါသည်။

နောက်ထပ်နည်းပညာတစ်ရပ်မှာ ဒေတာအချက်အလက်များ၊ နက်နဲသည့် လေ့လာမှုများနှင့် သိမြင်တွက်ချက်မှု နည်းပညာများအပေါ် အလေးထားသည့် Cloudwalk နည်းပညာ ကုမ္ပဏီမှတီထွင်မှုဖြစ်ပါသည်။ ၎င်းကုမ္ပဏီသည် Guide Infraredနှင့် ပူးပေါင်းလျက် AI ရောင်ခြည်အဖျားတိုင်းစနစ်များကို တီထွင်ထားကာ၊ ဝူဟန်မြို့ရှိ မီးရထားဘူတာရုံများ၊ လေဆိပ်များနှင့် ဆေးရုံများအပါအဝင် အများပြည်သူတို့ သွားလာတတ်သော နေရာအချို့တွင်တပ်ဆင်ထားပါသည်။

ကိုယ်ပူချိန်တိုင်းနည်းပညာအပြင် ယခုကဲ့သို့ ကပ်ရောဂါဆိုက်ရောက်နေချိန်၌ ရောဂါကူးစက်မှုထိန်းချုပ်ရေး စက်ရုပ်များနှင့် ဉာဏ်တုဖြင့်ဝန်ဆောင်မှုပေးသည့်စနစ်များကို အစိုးရများ၊ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအတွက် နည်းပညာကုမ္ပဏီအချို့ကလှူဒါန်းပေးထားပါသည်။ ထိုကဲ့သို့သော စက်ရုံများကို လူနေအိမ်များနှင့် လုပ်ငန်းများသို့ အလိုအလျောက်ဖုန်းခေါ်ဆိုစေလျက် သတင်းအချက်အလက်စုံစမ်းကောက်ယူမှုများပြုလုပ်စေရာတွင် အသုံးပြုပါသည်။ ၎င်းစက်ရုပ်များသည် အသံမှတ်တမ်းတင်ခြင်း၊ ပြောကြားမှုကိုရေးသားခြင်းနှင့်ခွဲခြမ်းချက်ရှိသောကိစ္စအချို့အပေါ် မှတ်ချက်ပြုခြင်းကဲ့သို့သော အခြားလုပ်ဆောင်ချက်များကိုပါ ပူးတွဲလုပ်ဆောင်နိုင်ကြပါသည်။

Aispeechအမည်ရ အသံဖြင့်အပြန်အလှန်ဆက်သွယ်သည့်ကုမ္ပဏီက ၎င်း၏ဉာဏ်တုစက်ရုပ်များကို ကျင်းစုပြည်နယ်၊ စုကျိုးမြို့ရှိ လူပေါင်း (၇၀၀၀)နှင့် ဆက်သွယ်စေခဲ့ပါသည်။ (၂)နာရီအချိန်အတောအတွင်း ဖုန်းပြောထားသည့်ရလဒ်များကို စက်ရုပ်ကပြုလုပ်နိုင်ခဲ့ပြီး ဝူဟန်သို့သွားရောက်ခဲ့သူများနှင့်အဖျားရှိနေသူများအား အထူးမှတ်ချက်ပြုခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် Aispeechစက်ရုပ်များက မေးမြန်းသူပေါင်း (၅)သိန်းနှင့် အမေးအဖြေပြုလုပ်နိုင်ခဲ့ပြီး၊ အကြောင်းကြားသည့် ဖုန်းခေါ်ဆိုမှုပေါင်း (၁) သန်းနီးပါးကို ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့မျှမက ဆေးဘက်ဆိုင်ရာ AI လုပ်ငန်းဖြစ်သည့် Left-Handed Doctorsက နမိုးနီးယား ကိုရိုနာကူးစက်ရောဂါပိုး စစ်ဆေးခြင်း၊ အွန်လိုင်းမှတိုင်ပင်ဆွေးနွေးခြင်းနှင့် အိမ်တွင်သီးခြားနေထိုင်ခြင်းဟူသည့် မိုဘိုင်းလ်ဖုန်းဖြင့် အသုံးပြုရသည့် ထုတ်ကုန်(၃)ရပ်ကို စတင်ခဲ့ပါသည်။ လူနာများအနေဖြင့် ဆေးရုံသို့မသွားရဘဲ မိမိတို့ကိုယ်တိုင်ရောဂါပိုး ရှိ၊ မရှိ သရုပ်ခွဲနိုင်ပြီး၊ မလိုအပ်ဘဲ ဆေးရုံဆေးခန်းသွားခြင်းကြောင့် ရောဂါကူးစက်ခံရမှုမှရှောင်ရှားနိုင်ကြောင်း ကုမ္ပဏီမှပြောကြားခဲ့ပါသည်။ Huazhong သိပ္ပံနှင့် နည်းပညာတက္ကသိုလ်လက်အောက်ရှိ Tongji ဆေးဘက်ဆိုင်ရာကောလိပ်၊ ဝူဟန်ဗဟိုဆေးရုံနှင့် ပထမ တန်းစားဆေးရုံ (၃၀)ကျော်တို့က ၎င်းကုမ္ပဏီ၏ နမိုးနီးယားကိုရိုနာကူးစက်ရောဂါစစ်ဆေးသည့်စနစ်ကို အသုံးပြုလျက် ရှိပါသည်။ SenseTimeအမည်ရ ကျန်းမာရေးစောင့်ရှောက်မှုအုပ်စုက AI ဆေးဝါးဗေဒဆိုင်ရာ သိပ္ပံနှင့်မျိုးဗီဇဆန်းစစ်မှု တို့အားအခြေခံ၍ ကိုရိုနာကူးစက်ရောဂါအတွက် ကုသရေးအစီအမံများကိုသုသေတနပြုရန် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း များနှင့် တက္ကသိုလ်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံတွင် AIနည်းပညာအသုံးပြုမှု လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာလျက်ရှိပြီး၊ တရုတ်နိုင်ငံက ၂၀၃၀ ပြည့်နှစ်၌ ကမ္ဘာပေါ်တွင်ဦးဆောင်သော AI တီထွင်ဆန်းသစ်မှုစင်တာဖြစ်လာစေရန် ရည်သန် ထားပါသည်။ ယခုကဲ့သို့ AI developer များအနေဖြင့် ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်း တုန့်ပြန်ရေးနည်းလမ်းများအပေါ် အမြင်သစ်များရရှိလျက်ရှိကြောင်း NETSTARSမှ အဆင့်မြင့် AI အရာရှိဖြစ်သူ Chen Bin က မှတ်ချက်ပြုထားပါသည်။ တရုတ်လူမှုရေးသိပ္ပံကျောင်းမှ Deng Weiqiang ကလည်း AI မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်ကြောင်း၊ ချမ်းသာ ကြွယ်ဝသောလူမှုအသိုက်အဝန်းတစ်ရပ်တည်ထောင်ရာနှင့် စီးပွားရေးအသစ်ဆီသို့ တရုတ်နိုင်ငံကချီတက်ရာတွင် AIမှာ အရေးပါသော သင်္ကေတတစ်ခုဖြစ်လာကြောင်း မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

**Source: China Daily (၁၁.၂.၂၀၂၀)**

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နန်နင်း**

# STOCK EXCHANGE (18.2.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Feb. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,000 | 11,500 | 3,985 | 46,868,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 4,000 | 4,000 | 3,950 | 2,355 | 9,304,750 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | -500 | -2.17% | 23,000 | 23,000 | 22,500 | 23 | 522,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 34 | 98,600 | 12,823,224 | 37,187 |

## Market summary

As of 18th Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 479.96 | +9.00 | +1.91% | 482.29 | 482.29 | 470.06 | 6,397 | 56,793,850 | 5 | 657,219 |

### Index chart




# Market Overview

As of 1:00 pm, 18th Feb. 2020

| MYANPIX | 479.96 ▲ 9.00 |
|---|---|
| Total Volume (shares) | 6,397 |
| Total Value (MMK) | 57 mil |
| Listed Company | 5 |
| Market Cap. (MMK) | 657,219 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 2,900 | ▲ 0 |